# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ ။)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“ အမည်၊ စတင်အာဏာတည်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာနှင့် အဓိပ္ပာယ်ဖော်ပြချက်”**

၂။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂။ မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်း နေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင် ဖြစ်စေ ထိုသူကို ဤဥပဒေအရ အရေးယူစီရင်ပိုင်ခွင့် ရှိစေရမည်။”

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

“(က) **အဂတိလိုက်စားမှု** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) **မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊**

(၂) မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူ ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ် စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီး ဆုံးရှုံးစေခြင်း။"

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ကျော်စောသတင်း ဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှု ရှိကြောင်း သင်္ကာမကင်းဖွယ်ရာ ဖြစ်ခြင်းအတွက် ခိုင်လုံသည့်အထောက်အထား ရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန်အကြောင်း ပေါ်ပေါက်သော သတင်းကို ဆိုသည်။"

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ တွင် မူလပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့ကို ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဇ) နှင့် (ဖ) တို့ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(ဇ) နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ဆိုသည်မှာ ဒုတိယဝန်ကြီး သို့မဟုတ် ယင်းနှင့် အလားတူ အဆင့်ရှိသူနှင့်အထက် နိုင်ငံရေးရာထူးလက်ရှိ ဖြစ်သူကို ဆိုသည်။

(ဖ) စစ်ဆေးရေးမှူး ဆိုသည်မှာ ကော်မရှင်၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်း ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (ဖ) ကို ပယ်ဖျက်ရမည်။

**၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုး ရမည် -**

"( ဂ ) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မိမိရွေးချယ်ပေးခွင့်ရှိသူများသည် အရည်အချင်းပြည့်ဝ၍ တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်းခံရသူ။"

**၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင်-**

(က) **ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-**

"(က) ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊"

( ခ ) **ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-**

**"(ဃ) အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ တိုင်ကြားချက် သို့မဟုတ် ရရှိသည့်သတင်းအရ လိုအပ်ပါက ကြိုတင်ထောက်လှမ်း စုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း၊"**

( ဂ ) **ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-**

"( ဇ ) နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊ အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း၊"

(ဃ) **ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-**

**"( ဈ ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း၊"**

( င ) **ပုဒ်မခွဲ (ဈ) ၏ နောက်တွင် ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-**

"(ည) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ "

(စ) မူလပုဒ်မခွဲ (ည)၊ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ဎ) တို့ကို ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ) နှင့် (ဏ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဆ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) တိုင်ကြားစာများကို **စိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကိုပယ်ခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ် တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း၊**"

**၁၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင် ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဎ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဆ) ၏ ခြေဆင်း၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၆၅ ၏ခြေဆင်း တို့တွင်ပါရှိသော "စုံစမ်းစစ်ဆေးရေးမှူး" ဆိုသည့်စကားရပ်ကို "စစ်ဆေးရေးမှူး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။**

**၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင်-**

**(က) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဏ) ၏ နောက်တွင် ပုဒ်မခွဲ (တ) နှင့် (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-**

**"(တ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေမှုများအား လိုအပ်ပါက စစ်ဆေးခြင်း၊**

**(ထ) မည်သည့်ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်**

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752534